
မြမြစိမ်း
မြစ်တစ်စင်း၏မာယာလေလား

၁။

ပူပြင်းခြောက်သွေ့သော နွေရာသီ၏ ညနေစောင်းတစ်ခု။

ဂျင်းဘောင်းဘီနှင့် စပို့ရှပ် အပြာနုရောင်ကလေးကို ဝတ်ဆင်ထားသော ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်နှင့် ခန့်ချောချော လူရွယ်တစ်ဦးသည် သာယာအေး ကားမှတ်တိုင်ဆီသို့ ရောက်လျှင် သူစီးလာသော လိုင်းကားပေါ်မှ ဆင်းလိုက်သည် ။

ဟူး . . . ပူလိုက်တာ . . . လူတစ်ကိုယ်လုံးလည်း ချွေးတွေနဲ့ ရွှဲနစ်နေပြီ . . .

သူသည် ကားမှတ်တိုင်မှ သူ့အိမ်ရှိရာသို့ အမြန်ရောက်အောင် ခြေလှမ်းကျယ်ကြီးများ ဖြင့် လျှောက်လာနေ၏။

အိမ်ရောက်ခါနီးလေးတင် ကတ္တရာလမ်းပေါ်၌ စကိတ်စီးနေသော ကလေးသုံးယောက်ထဲမှ ရှစ်နှစ် ကိုးနှစ်အရွယ် ယောကျ်ားလေး တစ်ဦးသည် သူ့ကို လှမ်းခေါ်လိုက်ပါသည် ။

"ကိုကိုဇွဲ . . ."

"ဗျာ . . ."

"အိမ်က စာတိုက်ပုံးထဲမှာ စာရောက်နေတယ်။ ယူလာခဲ့နော်"

"အေး . . . အေး ကျေးဇူးပဲ ဗစ်တာ"

ခုနစ်နှစ်အရွယ် ဗစ်တာဆိုသူ ကလေး၏ ဦးခေါင်းလုံးလုံးကလေးကို အသာပွတ်ခဲ့ပြီး သူ ဆက်လျှောက်ခဲ့သည် ။

ပိတ်ထားသော ခြံဝင်းရှေ့သို့ ရောက်သောအခါ ခြံဝင်းကို သော့ဖွင့်ပြီး စာတိုက်ပုံးထဲသို့ လက်ချိတ်လိုက်သည် ။

မျှော်မှန်းထားသည့် အတိုင်းပင် ဆောင်းအေးဝေ၏ လက်ရေးလှလှကလေးများကို စာအိတ်ပေါ်တွင် တွေ့ရှိလိုက်ရသည် ။

ပင်ပန်းလာသမျှ အမောပြေသွားသည် ။

ခန္ဓာကိုယ် တစ်ခုလုံးတွင် အိုက်စပ်မှု၊ ပူလောင်မှုများ လည်း ဘယ်ကို ရောက်ကုန်ကျတော့ပြီ မသိ . . .။

အိမ်တံခါးကို သော့ဖွင့်ပြီး အဝတ်အစား မလဲလှယ်နိုင်ဘဲ ဧည့်ခန်း မီးခလုတ်ကို ဖွင့်၍ စာကို ဖောက်ဖတ် လိုက်သည် ။

ဖွဲ့

ဆောင်းလေး စာတွေဖတ်ရတာ မအားတဲ့ ကြားက ဖွဲ့ကို သတိရလွန်းလို့ ဒီစာကို ရေးလိုက်တာ သိလား။ ဦးလေး ကိုသာတိုးနဲ့ ဖွဲ့ပေးလိုက်တဲ့ လက်ဆောင် ဆောင်းလေးရပြီ။ ဖွဲ့ရယ် . . . ဆံညှပ်ကလေးက လှလိုက်တာ။ ဖွဲ့က သိပ်ဝယ်တတ်တာပဲ။ ဖွဲ့ မြို့ကို ပြန်လာတဲ့နေ့ကျရင် ဆောင်းလေး အဲဒီဆံညှပ်ကလေးကို ခေါင်းမှ တပ်ပြီး အသားကုန် အလှပြင်ပြီးတော့ ဘူတာမှာ ဆင်းကြိုမယ် သိလား။ ဒါမှ ဖွဲ့ ခိုက်သွားအောင်လို့ . . .

အရူးမလေး . . . ဘာမှ မပြင်လည်း ဖွဲ့ဆိုတဲ့ ကောင်ကလေးက မင်းလေးကို ခိုက်ပြီးသားပါကွာ။ အဟင့် . . . ဟင့် . . .ဟင့်။

ဖွဲ့ညီညီသည် မဆုံးသေးသော စာကို ဆက်လက် ဖတ်လိုက်ပြန်သည်

။

"ဖွဲ့ရေ . . ."

"ဖွဲ့ ဖေဖေနဲ့ မေမေတော့ နွေစပါးတွေ အောင်လို့ အရမ်းကို ပျော်နေကြတယ်။ ဖွဲ့တို့ ဆန်စက်ရော၊ ဆောင်းတို့ ဆန်စက်ရော နေ့မအား၊ ညမအား လည်နေရတယ်။ ပျော်စရာကောင်းလိုက်တာ ဖွဲ့ရယ်။ ဖွဲ့နော် ကတိတည်စေနော်။ ဒီမှာ ဆောင်း အရမ်းကြိုးစားနေတယ်။ စာမေးပွဲအောင်ရင် ဆောင်း ရန်ကုန်မှာ ကျောင်းလာတက်မှာ နော်။ ဖွဲ့ကို ကတိပေးထားတဲ့ အတိုင်း ဆရာဝန်မကြီး ဖြစ်အောင် ဆောင်းက လုပ်မှာ ။ အင်ဂျင်နီယာကြီး ဖွဲ့နဲ့ ဒေါက်တာဆောင်းအေးဝေတို့ သိပ်လိုက်ကြမှာ ပဲနော်။ အဟင့် . . . ဟင့် . . . ဟင့်"

"အရူးမလေး . . . အနားမှာ ရှိရင် . . . ငါ . . . ငါ . . . ဟင် . . . မင်း ဘယ်သူလဲ"

ဖွဲ့ညီညီသည် ဝုန်းခနဲ ထိုင်ရာမှ ထကာ သူ့အိမ်ထဲ စွတ်ခနဲ ပြေးဝင်၍ ချောင်ကပ်လိုက်သော မိန်းမပျိုကလေးကို မေးလိုက်သည် ။

"ကျွန်မ . . . ကျွန်မ . . . ဒုက္ခ ရောက်လာလို့ ပါ"

"ကျွန်မ လူကောင်းပါ။ ကျွန်မကို ကူညီပါ အစ်ကိုရယ် . . . တံခါး မြန်မြန်ပိတ်လိုက်ပါနော်။ ကျွန်မကို သတ်ဖို့ သူတို့ လိုက်လာကြလို့ ပါ"

ရှည်လျား ကော့ရွန်းသော မျက်တောင်များ ဖြင့် တန်ဆာဆင်ထားသော မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်တွေ ရစ်ဝိုင်းစွာဖြင့် သူ့ကို တောင်းပန်နေသော မိန်းကလေးကို ဖွဲ့ညီညီ သနားသွားမိသည် ။

"ဒီမိန်းကလေး ဘာဒုက္ခများ ရောက်လာတာပါလိမ့် . . ."

သူ တံခါးပေါက်ကိုပဲ ကြည့်လိုက်သည် ။

ကတ္တရာလမ်းမပေါ်တွင် လူရှင်းနေသည် ။

"ပိတ် . . . ပိတ်လိုက်ပါ အစ်ကိုရယ်။ န . . . နဒီ ရှိခိုးပါတယ်"

ဖွဲ့ညီညီသည် ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ အိမ်တံခါးမကြီးကို ပိတ်၍ အတွင်းက ချက်ချလိုက်သည် ။

"ဟင် . . . တော်ပါသေးရဲ့ "

မိန်းမပျိုကလေးသည် နီးရာ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည် ။

"နေပါဦး။ မင်း ဘယ်လို တို့ အိမ်ထဲကို ရောက်လာတာလဲ"

"သူ . . . သူတို့ လက်က လွတ်အောင် ပြေးရင်း ဒီ . . . ဒီလမ်းထဲကို ရောက်လာတာပါ။ ဒီနားရောက်တော့ ခြံတံခါး ပွင့်နေတာ မြင်တာနဲ့ အရဲစွန့် . . . စွန့်ပြီး အိမ်ထဲကို ဝင်လိုက်တာပါ အစ်ကို . . ."

"သူတို့ ဆိုတာ ဘယ်သူတွေလဲ။ မင်းကိုကော ဘာဖြစ်လို့ သူတို့ က လိုက်သတ်ကြတာလဲ။ မင်း ဇာတ်လမ်း ရှုပ်လာတာ ဆိုရင်တော့ တို့ အိမ်က ကောင်စီရုံးနဲ့ နီးတယ်နော်။ မင်းကို သွားအပ်လိုက်မှာ ပါ . . ."

"ရှစ် . . . ရှစ်ကြီးခိုးပါတယ် အစ်ကို။ နဒီက မိကောင်းဖခင် သားသမီး တစ်ယောက်ပါ။ နဒီဆီမှာ ပါတဲ့ အဖိုးတန်ရတနာတွေကို . . .အို"

နဒီဆိုသူ ကလေးသည် သူ့ပါးစပ်ကို လက်ဝါးဖြင့် အုပ်ပြီး ဖွဲ့ညီညီအား ထိတ်လန့်တကြား ကြည့်လိုက်သည် ။

ကြောက်စိတ်ကြောင့် ထင်ပါ၏။

သူ့မျက်လုံးတွေ ပြူးကျယ် ဝိုင်းလည်လာသည် ။

"မင်း တို့ ကို ကြောက်နေတာလား"

နဒီက ခေါင်းကလေးကို ဆတ်ခနဲ ညိတ်ပြပြီး ထိုင်ရာမှ စကာ ပိတ်ထားသော တံခါးမကြီးဆီသို့ နောက်ဆုတ်၊ နောက်ဆုတ်ဖြင့် ရွေ့သွားနေ၏။

"မင်း တော်တော် ရယ်ရတာပဲ။ မင်း ဒီအိမ်ထဲကို မဝင်ခင်ကတည်းက စဉ်းစားရမှာ ။ မင်း ခု ငါ့ပိုင်နက်ထဲ ရောက်နေပြီ။ တစ်ခုခုဆိုရင် မင်း တို့ လက်က လွတ်မလား ..."

မိန်းမပျိုကလေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ တံခါးမကြီးကို ကျောကပ်၍ ကြမ်းပေါ်သို့ ထိုင်ချလိုက်သည် ။

ဖွဲညီညီ အနားသွားမိသည် ။

မိန်းမလှကလေး၏ မျက်ရည်လက်နက်က သူ့အသည်းနှလုံးကို ပျော့ပျောင်း နူးညံ့သွားစေပါ၏။

အလွန် ထက်မြက်သော လက်နက်တစ်ခုပါ။

"အို ... ဒီလောက် မငိုပါနဲ့ လေ။ တို့ က မင်းကို တမင် စမ်းသပ်ကြည့်လိုက်တာပါ ...။ မင်း စိတ်အေးလက်အေး ဒီခုံမှာ ပြန်ထိုင်ပြီး မင်းစိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပြီးမှ မင်း ဒီအကြောင်းတွေ တို့ ကို ပြောပြရမယ် ဟုတ်ပြီလား ..."

နဒီသည် ခေါင်းကလေး ဖြည်းညင်းစွာ ညိတ်ပြီး ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည် ။

"န ... နဒီကို ရေလေးတစ်ခွက်လောက် တိုက်ပါ အစ်ကိုရယ် ..."

ဖွဲညီညီသည် ထမင်းစားခန်းထဲသို့ လျှောက်ဝင်သွားပြီး ရေခဲသေတ္တာအတွင်းမှ ရေပုလင်းနှင့် ဖန်ခွက် တစ်ခွက်ကို ယူဆောင်လာ၏။

နဒီသည် ဆတ်ခနဲ ဖန်ခွက်နှင့် ရေပုလင်းကို ဖွဲညီညီထံမှ ယူပြီး အငမ်းမရ ရေတွေကို ထည့်သောက် လိုက်သည် ။

သူ ဝတ်ထားသော စပို့ရှပ် အင်္ကျီပေါ်သို့ပင် ရေတွေက ဖိတ်စင်ကျကုန်၏။

"အိုး ... ဖြည်းဖြည်း သောက်လေ။ ရေသီးတာလည်း သိပ်ခံရခက်တာ သေတောင် သေနိုင်တယ်။ မင်းက ...ဘာမှတ်လဲ"

"ရေ ... ရေဆာလွန်းလို့ ပါ အစ်ကိုရယ်။ နဒီ ... နဒီ ... ရေနဲ့ အစာ ငတ်နေတာ နာရီ အတော်ကြာ နေပါပြီ။ အို ... နဒီ ဒုက္ခကို ဒီက အစ်ကို မသိပါဘူးရှင်"

"မင်း ... ဘာမှ မစားရလို့ ဗိုက်လည်း ဆာနေတယ်ပေါ့"

"ဟုတ်ပါတယ်။ မနက်ကတည်းက မှတ်မှတ်ရရ ဘီစကွတ်လေး နှစ်ချပ်ပဲ စားခဲ့ရပါတယ် အစ်ကို"

နှင်းဆီဖူးသဏ္ဌာန် နှုတ်ခမ်းလွှာကလေး တထစ်ထစ် တဆတ်ဆတ်နှင့် သူ၏ ဝပြောနေသော မိန်းကလေးကို ဖွဲညီညီ ... ဘာကိုမျှ မစဉ်းစားနိုင်တော့ဘဲ သနားမိပါလေပြီ။

"ကဲကွာ ... ဒါဆို ... မင်း ဒီမှာ နေ။ တို့ အပြင်ကတော့ သော့ခတ်သွားမယ်။ တို့ မင်းအတွက် စားစရာ သွားဝယ်လိုက်မယ်"

"နဒီ ... နဒီ ... ကြောက် ... ကြောက်တယ်။ ဒီမှာ တခြားလူ မရှိမဟုတ်လား"

"အဲဒီအတွက် စိတ်ချ ...။ ဒီအိမ်မှာ တို့ တစ်ယောက်တည်း နေတာ ။ မင်းကို ရန်ရှာမဲ့ လူတစ်ယောက်မှ မရှိဘူး။ ဟုတ်ပြီလား။ မင်း ဘာအသံမှ မပေးဘဲ ငြိမ်ငြိမ်ကလေးပဲ ဒီမှာ ထိုင်နေ။ မင်းက အပြင်ဘက်က

ဘယ်သူမှ မမြင်နိုင်ဘူး"

"ဟုတ် ...ဟုတ်ကဲ့"

ဖွဲ့ညီညီသည် အိမ်တံခါးကို အပြင်ဘက်မှ သော့ခတ်ခဲ့ပြီး ခြံထဲသို့ ဆင်းခဲ့သည် ။

ပတ်ဝန်းကျင်တွင် မသင်္ကာစရာ ဟူ၍ ဘာတစ်ခုမှ မတွေ့ခဲ့ရပါ။

သူ့အိမ်နှင့် မလှမ်းမကမ်းတွင် ရှိနေသော အေးချမ်းအောင် စတိုးဆိုင်ကလေးမှ မာမီးခေါက်ဆွဲ ငါးထုပ်၊ ကြက်ဥနှင့် ကြက်ဥချောင်းအစို တစ်ထုပ်ကို ဝယ်ယူပြီး အိမ်သို့ အမြန်ဆုံး ပြန်ခဲ့သည် ။

အိမ်အဝင်ဂိတ်နားတွင် သူ့ထံသို့ ညတိုင်း အင်္ဂလိပ်စာ သင်ယူဖို့ လာနေသော ဗစ်တာကလေးနှင့် ဆုံမိကြသည် ။

"ဦးဖွဲ့ ...ဘာတွေ ဝယ်လာတာလဲ"

"ခေါက်ဆွဲပါကွယ်။ ဦး ဒီနေ့ ခေါင်းကိုက်နေလို့ ထမင်းဆိုင် မသွားချင်တာနဲ့ ခေါက်ဆွဲ ထွက်ဝယ်တာ ...’

"ဟာ ...ဒါဆို ဦး သားကို ဘယ်စာသင်နိုင်မှာ လဲ"

"အေး ...ဟုတ်တယ်ကွာ။ ဒီနေ့တော့ နားလိုက်ပါ။ မနက်ဖြန်မှ သင်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ...ဒါဆို သားပြန်တော့မယ်"

"အေး ...အေး ..."

ဖွဲ့ညီညီသည် ခြံတံခါးကို အတွင်းမှ သော့ခတ်ပြီး အိမ်ဆီသို့ ပြန်ခဲ့သည် ။

အိမ်တံခါးကို ဖွင့်လိုက်သောအခါ သူထားခဲ့သော နေရာတွင် နဒီဆို

သော မိန်းကလေး ရှိမနေတော့မှ ...

"ဟာ ...ဘယ်ကို လစ်သွားပြီလဲ"

ဖွဲ့ညီညီသည် လက်ထဲက ခေါက်ဆွဲထုပ်နှင့် ဝယ်ခြမ်းလာသော ပစ္စည်းများကို ဆက်တီစားပွဲပေါ်သို့ ပစ်ချလိုက်သည် ။

သူ့မျက်လုံးများက သူ့အိပ်ခန်းရှေ့တွင် တပ်ဆင်ထားသော အခန်း ဆီးဆီသို့ ရောက်ရှိသွားသည် ။

အခန်းဆီးသည် လေမတိုက်ဘဲ တလှုပ်လှုပ် ဖြစ်နေ၏။

"ကဲပါကွာ ... အဲဒီခန်းဆီး နောက်က မင်း ထွက်ခဲ့စမ်းပါ။ ဒီ လောက်လည်း ကြောက်မနေစမ်းပါနဲ့ "

နဒီသည် ကြောက်ကြောက်ရွံ့ရွံ့ အမူအရာကလေးဖြင့် အခန်းဆီး နောက်ကွယ်မှ ထွက်လာ၏။

"အာ ...အစ်ကို ထွက်သွားပြီး သိပ်မကြာခင် ခြံ ...ခြံထဲမှာ အသံ လိုလို ကြားလို့ ... ကြောက်တာနဲ့ အစ်ကို့ ခုတင်အောက်မှာ ဝင်ပုန်း နေတာပါ"

မိန်းမပျိုကလေး၏ ဂုတ်ဝဲဆံပင်ပေါ်တွင် ခုတင်အောက်က ပိုးမျှင် တွေ ကပ်ပါလာသဖြင့် သူ့စကား မှန်ကန်ကြောင်း ဖွဲ့ညီညီ သိလိုက်ပါသ ည် ။

"မင်းခေါင်းပေါ်မှာ ပိုးအိမ်တွေနဲ့ တို့ ကလည်း တစ်ယောက်တည်း သမားဆိုတော့ အိမ်ကို သန့်ရှင်းရေး သိပ်မလုပ်နိုင်ဘူးလေ"

ဖွဲ့ညီညီသည် မိန်းကလေးကို ဦးခေါင်းမှ ပိုးအိမ်များကို ဖယ်ရှားပေး လိုက်သည် ။

"ကဲ . . . ဒီညတော့ မင်း စိတ်ချလက်ချ နေတော့။ ဒီမှာ စာလာသင်နေတဲ့ ကလေးကိုလည်း တို့ ခေါင်းကိုက်လို့ ဆိုပြီး ပြန်ခိုင်းလိုက်ပြီ။ ကဲ . . . လာ . . . တို့ မင်းအတွက် ခေါက်ဆွဲပြုတ်ပေးမယ်။ မင်းက ကိုယ်လက်သန့်စင်ခန်း ဝင်ချင်ဝင်လိုက် . . . တို့ ပြပေးမယ်"

ဖွဲ့ညီညီသည် ရေချိုးခန်းကို ပြပေးလိုက်သည် ။

"အစ်ကို . . . အား . . . အားတော့ နာပါတယ်။ နဒ္ဒီမှာ လေ ဝတ်စရာ အဝတ်မရှိ . . ."

"ပေါက်တယ်။ ပေါက်တယ်ဗျာ။ တို့ သဘောပေါက်ပါတယ်။ တို့ ခုပဲ မင်းအတွက် အဝတ်အစား ပေးမလို့ ပါ"

ဖွဲ့ညီညီသည် သူ့အဝတ်ဗီရိုကို ဖွင့်ပြီးမှ ရှမ်းအင်္ကျီလက်တိုတစ်ထည်၊ ပုဆိုးတစ်ထည်နှင့် မျက်နှာသုတ် ပဝါ တစ်ထည်ကို ပေးလိုက်သည် ။

"ကျေးဇူးကမ္ဘာပါပဲ အစ်ကိုရယ်"

နဒီသည် ရေချိုးခန်းထဲသို့ ဝင်သွားပြီး အတွင်းက တံခါးချက်ကို ချလိုက်သံကို ဖွဲ့ညီညီ ကြားလိုက်ရသည် ။

ဖွဲ့ညီညီသည် ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး မီးဖိုခန်းဆီသို့ ဝင်ကာ ပေါင်းအိုးကလေးကို ပလပ်ထိုး၍ မီးခလုတ်ကို ဖွင့်ချလိုက်သည် ။

ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် အတွင်း အနံ့အရသာဖြင့် ပြည့်စုံသော ခေါက်ဆွဲပြုတ် ပန်းကန်သည် အငွေ့တထောင်းထောင်းနှင့် စားချင်စဖွယ် စားပွဲ၏ အလယ်တွင် တည်ရှိနေသည် ။

ခရမ်းချဉ်သီးဆော့နှင့် ကြက်သွန်နီ၊ သခွားသီး လှီးထားသည့် ပန်းကန်ကလည်း စားပွဲပေါ်တွင် အရန်သင့် . . .

ဟင်းသောက်ပန်းကန်လုံး နှစ်လုံးတွင် ခွန်းထည့်နေစဉ် နားနှစ်ဖက်က ရေတွေကို သုတ်ရင်း ထမင်းစားခန်းထဲသို့ နဒီ ဝင်ရောက်လာသည် ။

ပုဆိုးကွက်စိပ် အစိမ်းရောင်ကလေးနှင့် ရှပ်လက်တိုကလေးကို ဝတ်ဆင်ထားသော နဒီသည် တစ်မျိုး ကြည့်လို့ ကောင်းနေပါ၏။

အခုအခံ မပါသော အလှအပတို့ ကလည်း သူ့ကို ဖွဲညီညီတစ်ယောက် ရဲရဲဝံ့ဝံ့ မကြည့်ဝံ့စရာ ဖြစ်နေပါသည် ။

"ဟိုလေ . . . ဟိုအဝတ်တွေ လျှော်နေလို့ နည်းနည်းကြာသွားလို့ ၊ အစ်ကို့ကို လာမကူညီနိုင်တာ ခွင့်လွှတ်ပါနော် . . ."

"ရပါတယ်ကွာ။ ကဲ . . . စားပေတော့"

"အရမ်း အရသာရှိမှာ ပဲ။ မွှေးလိုက်တာ . . . နဒီ စားမယ်နော်။ အဝစားမယ်"

"စားပါကွာ။ ကြိုက်သလောက်စား။ ခင်ဗျားတစ်ယောက်တည်း အဝအပြဲသာ စားပေတော့ . . ."

"ဒီ . . . ဒီက အစ်ကိုကော မစားဘူးလားဟင် . . ."

"မင်းအရင်စားပါ"

နဒီသည် မည်မျှ ဆာလောင်နေသည် မသိ . . . ခေါက်ဆွဲ ပထမနှစ်ခွက်ကို စားလိုက်သည် မှာ ပြိုက်ခနဲ ကုန်သွားပါသည် ။

"စားဦးလေ"

တတိယ တစ်ခွက်ကျတော့ အင်တင်တင် ဖြစ်နေသည် ။

မတရားစားပစ်လိုက်တာ ဗိုက်ထဲ ဘာဖြစ်သွားမှန်းတောင် မသိဘူး။

"နေဦး . . . အစာကြေဆေးလေး စားလိုက် . . ."

ရေခဲသေတ္တာပေါ်မှ ဒိုင်ဂျင်းအကပ်ကို ယူကာ တစ်လုံးထုတ်ယူ၍ နဒီကို ပေးလိုက်သည်။

"အစ်ကိုစားလေ . . . အဟင်း . . . နဒီက အကုန်စားရတာ စိတ်မကောင်းပါဘူး"

"ရပါတယ်။ ဒီဟာတွေတောင် တို့ ကုန်အောင် မစားနိုင်ပါဘူး။ ရုံးက အပြန် တုတ်ထိုးစားခဲ့တာ ဗိုက်က သိပ်မဆာဘူးလေ။ အော် . . . မင်း အချိုတည်းတတ်တယ် ဆိုရင် ရေခဲသေတ္တာထဲမှာ ယိုစုံနဲ့ ချောကလက်တွေ ရှိတယ်။ ယူစားလို့ ရပါတယ်"

"ဟင့်အင်း . . . နဒီ ဗိုက်ပြည့်သွားပြီ။ မစားချင်တော့ဘူး အစ်ကို။ ဒါနဲ့ အစ်ကိုက ဒီမှာ တစ်ယောက်တည်း နေတာလားဟင်"

"ဟုတ်တယ်။ တို့ က နယ်က လာပြီး ဒီမှာ အလုပ်လုပ်တာ။ ဒါ တို့ သူငယ်ချင်းရဲ့ အိမ်ပဲ။ သူက ခု စင်္ကာပူမှာ သွားအလုပ်လုပ်နေလို့ တို့ တစ်ယောက်တည်း ဖြစ်နေတာ"

"အစ်ကိုက ဘယ်မှာ လုပ်တာလဲဟင် . . ."

"တို့ က ကွန်စတက်ရှင်း (ဆောက်လုပ်ရေး) တစ်ခုက အငယ်တန်း အင်ဂျင်နီယာ တစ်ယောက်ပါ"

"အစ်ကို ဘယ်ဇာတိလဲဟင်"

"အင်္ဂပူမြို့နယ်ကလေ"

"မသိဘူး။ အဲဒီနေရာကို နဒီ မသိဘူးရှင့်။ မင်းက ဘယ်ဇာတိလဲ"

"နဒီက မိုးကုတ်ကပါ"

"အော် . . . အော် . . . မသိတာ မဆန်းပါဘူး။ အဟင်း . . . ဟင်း . .

. နေပါဦး။ မိုးကုတ်ကနေ ဘယ်လိုလုပ်ပြီး အင်းစိန် တောင်သူကုန်းကို ရောက်လာတာလဲဟင်"

"ဒါ . . . အင်းစိန် တောင်သူကုန်းလား။ နဒီက အောင်ဆန်းမှာ ရှိတဲ့ မိတ်ဆွေတစ်ယောက် အိမ်ကို သွားရင်း သူတို့ နဲ့ တွေ့တာနဲ့ ကားပေါ်က နေ ဆင်းပြေးလာတာ"

"အောင်ဆန်းက နီးပါတယ်။ သွားမလား ကိုယ် လိုက်ပို့ပေးမယ်လေ "

"ဟင့် . . . ဟင့် . . . ဟင့် နဒီ မသွားရဲဘူး။ အောင်ဆန်းမှာ ကြီးကြီး ညိုက ရှိမရှိ မသိဘူး။ သူ့ကို နဒီ ရှာရဦးမှာ ။ ဟိုလူတွေနဲ့ တွေ့သွားလို့ မ ဖြစ်ဘူး အစ်ကိုရယ်။ ကူညီလက်စနဲ့ နဒီ့ကို ဒီမှာ နှစ်ရက်သုံးရက် လောက် နေခွင့်ပေးပါရှင်. . ."

"အား . . . မဖြစ်ဘူး ထင်တယ်။ တို့ က တစ်ယောက်တည်း နေတဲ့ ယောကျ်ားတစ်ယောက်၊ မိန်းမက အရွယ်ကောင်း မိန်းကလေး၊ နှစ် ယောက် တစ်အိမ်ထဲမှာ ကြာကြာနေတာ မကောင်းဘူး ထင်တယ်"

"နဒီ အစ်ကို့သိက္ခာကို ယုံပါတယ်။ အစ်ကို့ ဥပဓိရုပ်ကို ကြည့်ရကတ ည်းက ယောကျ်ားကောင်း တစ်ယောက် ဆိုတာလည်း သဘောပေါက်မိ ပါတယ်"

"မင်းမှားနေပြီ။ တို့ က ယောကျ်ားထဲက ယောကျ်ားတစ်ယောက်။ ရ ဟန္တာလည်း မဟုတ်ဘူး ။ နွားလည်း မဟုတ်ဘူး ။ တို့ ကိုယ်တို့ အာမ မ မခံနိုင်ဘူး ဆိုရင်ကော"

နဒီ မျက်နှာကလေး သေးငယ်သွားသည် ။

"ဒါ . . . ဒါဆိုလည်း နဒီ့ ကံတရားပဲလို့ သဘောထားရတော့မှာ ပေါ့

အစ်ကိုရယ်။ ရက်ရက်စက်စက် သတ်ပစ်မဲ့ လူသတ်သမားထက် စာရင် တော့ အစ်ကို . . . အစ်ကို . . . ပြုသမျှ . . ."

"မော့ . . . မော့ . . . မင်း မျက်ရည်တွေ ပြန်သိမ်းလိုက်စမ်းပါ။ တို့ မ ခံစားနိုင်လွန်းလို့ ပါကွာ"

နဒီသည် သူ့ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များကို လက်ဖဝါးဖြင့် ကြမ်းတမ်းစွာ သုတ်ချ လိုက်သည် ။

"ကဲ . . . မင်းအကြောင်း တို့ ကို ပြောပြ၊ တို့ သိချင်တယ်။ မခြွင်းမ ချန်ဘဲ ရိုးသားစွာနဲ့ အမှန်အတိုင်း ပြောမယ်လို့ တို့ ယူဆတယ်။ ဘယ့်နှ ယ့်လဲ. . ."

"အမှန်အတိုင်းပဲ ပြောမှာ ပါအစ်ကို။ သူတော်ကောင်း တစ်ယောက် ကို နဒီ လိမ်လည်ပြီး ပြောမထွက်ပါ ဘူးရှင်။ နဒီက မိုးကုတ်မှာ မွေးပြီး မိုးကုတ်မှာ ကြီးပြင်းလာတဲ့ မိုးကုတ်သူစစ်စစ်ပါ အစ်ကို။ အဖေက မြန် မာ လူမျိုး၊ အမေက ရှမ်းလူမျိုးပါ အစ်ကို။ ကျောက်မျက်လုပ်ငန်းနဲ့ အ သက်မွေးဝမ်းကြောင်း ပြုရင်းက အဖေဟာ ကျောက်အောင်ပြီး အတော် ချမ်းသာတဲ့ လူစာရင်းဝင်ခဲ့ပါတယ်။ အဖေ့ရဲ့ တွဲဖက်အဖော်ကတော့ ရန် ကုန်သား ဦးရဲထွန်းဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူက ကျောက်လောကထဲ ဝင်လာ ပေမဲ့ ကျောက်မျက်ပညာကို အဖေ့လို မတတ်ကျွမ်း ခဲ့ဘူး။ ပြီးတော့ သူ က အဖေ့ကို လက်မလွှတ်နိုင်လို့ သာ တွဲနေရပေမဲ့ အရမ်း လောဘရှိတဲ့ လူတစ်ယောက်၊ ဒုစရိုက်လောကကိုလည်း နှံ့စပ်တယ်။ တစ်နေ့မှာ ပေါ့ အစ်ကိုရယ် နဒီ ကျောင်းက ပြန်လာတော့ . . .

***

၂။

ကျောင်းက ပြန်လာသော နေခြည်သည် ဧည့်ခန်းဆီသို့ ရောက်လျှင် ကျယ်လောင်သော သူ့ဖခင်၏ ဒေါသပါသည့် အသံကို ကြားလိုက်ရသဖြင့် ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားသည် ။

"တော်ပြီ . . . ကိုရဲထွန်း ခင်ဗျားအကြံကို ကျုပ် လက်မခံနိုင်ဘူး။ ကျုပ်က အလုပ်ကို ရိုးရိုးသားသား လုပ်တာပဲ ကြိုက်တဲ့ လူ၊ ကျောက်မျက် အလုပ် လုပ်တဲ့ လူ သစ္စာရှိရတယ်။ ကျုပ် လူမျိုးနဲ့ တိုင်းပြည်ကို သစ္စာ မဖောက်ဘူး။ ဘယ်တော့မှ သစ္စာမဖောက်ဘူး"

"ခင်ဗျား တော်တော်ခက်တဲ့ လူကြီးပဲ။ လူကြီးတွေ ရိုးရိုးကျင့်နေလို့ ဒီအဆင့်ထက် ဘယ်တော့မှ မတက်နိုင်ဘူး။ ကျုပ် အဆက်အသွယ်တွေကို ခင်ဗျား ဝင်ချိတ်လိုက်ရင် ခင်ဗျားရော၊ ကျုပ်ရော ကမ္ဘာ့သူဌေးစာရင်းဝင် ဖြစ်သွားနိုင်တယ်"

"တော် . . . တော် . . . ကိုရဲထွန်း. . ."

"ဟင် . . . သမီးလေး. . ."

"ဘာ . . . ဘာတွေ ဖြစ်နေကြတာလဲဟင် မယ့်"

"သမီးလေး မသိတဲ့ ကိစ္စတွေပါကွယ်။ နားထောင်မနေပါနဲ့ ။ မယ်တို့

အိမ်ကို သွားနေချည်. . ."

မိခင်ဖြစ်သူက ကျောကလေးကို အသာ တွန်းလွှတ်လိုက်သဖြင့် နဒီလည်း သူ့အမေ၏ မိခင်ဖြစ်သူ အိမ်သို့ အပြေးကလေး ထွက်ခဲ့သည် ။

"နေခြည် . . . နေခြည်"

"အဘွား. . ."

"နေခြည်"

နဒီတစ်ယောက်တည်း ခြံထဲက ဒန်းကလေးပေါ်တွင် ရှိနေစဉ် နေခြည်တို့ အိမ်မှ အိမ်ဖော် ကြီးကြီး မျက်စိ မျက်နှာပျက်ဖြင့် နေခြည်ထံသို့ ရောက်ရှိလာသည် ။

"နေခြည် . . . အိမ်မှာ အခြေအနေ မကောင်းဘူး။ နေခြည့်မေမေက ပြောတယ်။ ပစ္စည်းတွေ ထားတဲ့ နေရာ သိတယ်တဲ့ ။ အဲဒါတွေယူပြီး လွတ်ရာကို ပြေးပါတဲ့ ။ ဒီမြေမှာ မနေပါနဲ့ လို့ ပြောခိုင်းလိုက်တယ်။ ဒီအထုပ်ကိုတော့ ကြီးကြီးညိုကို ပေးလိုက်တယ်"

"ဒါဆို ကြီးကြီးညို ယူထားဦး၊ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး။ အဘွားကို ပြောလို့ မဖြစ်ဘူး။ နေခြည် အိမ်ပြန်မှ ပဲ လာ ကြီးကြီးညို. . .
"

"ဟင့် . . . အင်း ကြီးကြီးညို မလိုက်ဘူး။ ကြီးကြီးညိုကိုလည်း မနန်းက ပြေးခိုင်းထားတာ။ ရန်ကုန် ကို ပြေးကြမယ်"

"ဒါဆို ကြီးကြီးညိုက ကားဂိတ်က စောင့်နေ။ နေခြည် ခုပဲ ပြန်လာခဲ့မယ်။ တကယ်လို့ နေခြည်ကို မတွေ့ရင် ကြီးကြီးညို ရန်ကုန်ကို ရောက်အောင် ပြေးတော့။ ကြီးကြီးညိုဆီကို နေခြည် ရောက်အောင် လာခဲ့မယ်
"

"အေး . . . အေး. . ."

နေခြည် နဒီအိမ်သို့ ပြန်ပြေးခဲ့သည် ။ အဖေနှင့် အမေကို သူ တွေ့လိုက်ရသောအခါ သွေးပျက်မတတ် ခံစားလိုက်ရသည် ။

အမေသည် တစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ဆင်စွယ်ရိုး တပ်ဆင်ထားသော ဓားတစ်လက် ဘယ်ဘက် ရင်အုံတွင် စိုက်ကာ ဇက်ကျိုးကျနေ၏။

အဖေကတော့ ဧည့်ခန်းအလယ်တွင် သွေးအိုင်ထဲ၌ မှောက်ခုံအသက်ပျောက်နေသည် ။

နေခြည်သည် မိမိအလှည့် ရောက်မည်ကို ကြောက်လွန်းသဖြင့် မိသားစု သုံးယောက်သိသော လျှို့ဝှက် နေရာမှ အဖိုးတန် ကျောက်မျက်ရတနာအိတ်ကို ယူကာ နောက်ကြောင်းကို မကြည့်တော့ဘဲ ခြေကုန်သုတ်ပြေးခဲ့ပါတော့သည် ။

ကားဂိတ်တွင် သူ ကြီးကြီးညိုကို ရှာသည် ။

အရိပ်အယောင်သော်မျှ မတွေ့ရ. . .

"ဟင် . . . ကြီးကြီးညို ဘယ်ရောက်သွားပြီလဲ။ ဟိုလူတွေ လိုက်လို့များ ပြေးပြီလား။ ဒါမှ မဟုတ် ဟိုလူတွေများ ဖမ်းခေါ်သွားပြီလား။ အို . . . ဘာပဲဖြစ်ဖြစ် ငါ ကိုယ်လွတ်ရုန်းရတော့မှာ ။ သူ့ကိုရှာဖို့ အချိန် မရှိဘူး"

နေခြည်သည် မီရာ ကားတစ်စီးပေါ်သို့ တက်လိုက်သည် ။

မိုးကုတ်မှ မန္တလေး၊ မန္တလေးမှ လေယာဉ်ခရီးဖြင့် ရန်ကုန်သို့ရောက်သည် အထိ၊ နေခြည့်မှာ အန္တရာယ် ကင်းရှင်းနေခဲ့ပါ၏။

လေဆိပ်အပြင်သို့ ထွက်သည့် အခါတွင် တော့ နေခြည် ကံဆိုးမိုး မှောင် ကျတော့သည် ။

ဦးရဲထွန်း၏ ညာလက်ရုံးကြီးသည် နေခြည့်ကို တွေ့မြင်သွားသည် ။

နေခြည်သည် ခရီးသည် များကြားတွင် ပုန်းလျှိုးကွယ်လျှိုးနှင့် အမျိုး သမီး အိမ်သာအတွင်းသို့ ဝင်နေလိုက်သည် ။

အတော်အချိန်ကြာမှ အပြင်သို့ထွက်၍ ကြည့်ကာ အန္တရာယ် ကင်း နေကြောင်း တွေ့ရပြန်သည် ။

နေခြည်သည် အငှားယာဉ်တစ်စီးကို ငှားယူပြီး ကြီးကြီးညို ရှိရာသို့ ထွက်လာသည် တွင် လေဆိပ်အထွက် လမ်းဆုံတွင် လူမိုက်အုပ်စုက သူ့ ကို စောင့်ဆိုင်းနေကြောင်း တွေ့ရသည် ။

နေခြည် ကားထဲတွင် နေ၍ ကားဆရာကို အောင်ဆန်းဘက်သို့ မောင်းရန် ပြောလိုက်သည် ။

စီးလာသော တက္ကစီသည် စော်ဘွားကြီးကုန်း လမ်းဆုံသို့ ရောက် သောအခါ ကားစက် ချို့ယွင်းသွားသည် ။

နေခြည်လည်း ကားပေါ်မှ ဆင်းကာ မြင်မြင်ရာ လမ်းကြားလေးတစ် ခုထဲသို့ အားသွန်၍ ပြေးခဲ့သည် ။

သူ့နောက်က လိုက်လာသော ကားသည် သူ့ကို မျက်ခြည်ပြတ်သွား သည် ။

နေခြည် ဆက်၍ ပြေးနေသည် ။ ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမ သိတော့ပါ။ နေခြည် သိတာ တစ်ခုတည်း ရှိသည် ။

သူတို့ လက်တွင်း မကျဆင်းစေဖို့ . . .

နေခြည် ပြေးရင်း . . . ပြေးရင်း ဂိတ်တံခါး ပွင့်နေသော ခြံဝင်းတစ်ခု ရှေ့သို့ ရောက်ခဲ့သည် ။ နဒီ ခြံထဲက ဝင်ပြီး အိမ်အခြေအနေကို ကြည့်သည် တွင် အမျိုးသား တစ်ယောက်တည်းရှိသော အိမ်ဖြစ်ကြောင်း သဘောပေါက် မိသည် ။ ထို့ကြောင့် လည်း ဒီတစ်ညတာအတွက် သူ၏ လုံခြုံမှုကို ဤအိမ်ရှင်ထံတွင် အသနားခံရန် အိမ်ပေါ်သို့ ပြေးတက်လိုက်ခြင်း ဖြစ်သည် ။

***